Myanmar Centre for Responsible Business

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ၏ သက်ရောက်မှုများအားလေ့လာဆန်းစစ်ခြင်း

## မူကြမ်းဆိုင်ရာဆွေးနွေးအကြံပြုချက်များရယူခြင်း



Institute for Human Rights and Business
Shaping Policy ▪ Advancing Practice ▪ Strengthening Accountability

မြန်မာ နှင့် လန်ဒန်မြို့
ဆွေးနွေးအကြံပြုချက်ရယူပွဲများ
၂၀၁၅ခုနှစ်၊ ဇွန်လ

THE DANISH INSTITUTE FOR HUMAN RIGHTS

## ရည်ရွယ်ချက်များ

- အဓိကတွေ့ရှိချက်များချပြရန်၊ တွေ့ရှိချက်များသည် ဆက်စပ်မှု ပြည့်စုံမှုရှိမရှိ၊ အချက်အလက်များကျန်ရှိမှုရှိမရှိ၊ မှာယွင်းစွာ ဖော်ပြထား သောအကြောင်းအရာများရှိမရှိ။
- ICT ကဏ္ဍတွင်တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု အလေ့အထများ ဖြစ်ပေါ်စေရန်၊ မြန်မာ့လူ့အဖွဲ့အစည်း အတွက်အကျိုးပြုရန်ရည်ရွယ်၍အစိုးရ၊ ICTလုပ်ငန်းများ အခြားပတ်သက်ဆက်နွှယ်နေသောပုဂ္ဂိုလ်၊ အစုအဖွဲ့များအတွက် အကောင်အထည် ဖော်ဆောင်ရွက်ရန် အကြံပြုချက်များ ရရှိရန်။
- ရှေ့ဆက်၍ လက်ရှိတွင်ဆောင်ရွက်လုပ်ကိုင်နေကြသော၊ လုပ်ဆောင်ရန်စီစဉ်ထားသော ICTလုပ်ငန်းနှင့် ဆက်စပ်သည့် စီမံကိန်းများအကြောင်းပြုစုရန်။

## အစီအစဉ်

၉း၀၀ စာရင်းသွင်းခြင်း နှင့် ကော်ဖီသုံးဆောင်ရန်

၉း၃၀ အခမ်းအနား ရည်ရွယ်ချက်

၉း၄၀ SWIA လုပ်ငန်းစဉ်နှင့် အစီရင်ခံစာ ပုံစံ အားမိတ်ဆက်ခြင်း

၁၀း၀၀ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းဆိုင်ရာ မူကြမ်းအကြောင်းရှင်းလင်းတင်ပြခြင်းနှင့်ဆွေးနွေးခြင်း

၁၀း၄၅ ကော်ဖီသုံးဆောင်ရန်

၁၁း၀၀ ကြွရောက်လာသူများမှအကြံပြုတင်ပြချက်များ အဖွဲ့ငယ်များခွဲ၍ဆွေးနွေးခြင်းနှင့်တင်ပြခြင်း

၁၂း၃၀ ဆက်လက်ဆောင်ရွက်ရန်၊ ရှေ့ဆက်လုပ်ငန်းစဉ် (Linked Initiative  အပါအဝင်)

Myanmar Centre for
Responsible Business





www.myanmar-responsiblebusiness.org
အမှတ် (၁၅) ရှမ်းရိပ်သာ၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်း၊ မြန်မာ။
ဖုန်း၊ ဖက်(စ်) : ၀၁ ၅၁၀၀၆၉


## ထူထောင်သူများ

Institute for
Human Rights and Business
Shaping Policy • Advancing Practice • Strengthening Accountability

THE DANISH
INSTITUTE FOR
HUMAN RIGHTS

**တာဝန်ယူမှုရှိသော စီပွားရေးအလေ့အကျင့်များ ပို၍ ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတကာအဆင့်အတန်းများ၊ ဒေသလိုအပ်ချက်များအပေါ် မူတည်၍ မြန်မာနိုင်ငံ၌ တာဝန်ယူမှုရှိသော အသိပညာ၊ စွမ်းဆောင်ရည်နှင့် စကားဝိုင်းများ ဖြစ်ပေါ်လာစေရန်အတွက် ထိရောက်သော တရားဝင် အခင်းအကျင်းတစ်ခု ပံ့ပိုးပေးရန်။**

အလှူရှင် အဖွဲ့အစည်းများ

- ယူကေနိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးမှုဌာန (DFID)
- နော်ဝေအစိုးရ
- ဆွစ်ဇာလန်အစိုးရ
- ဒိန်းမတအစိုးရ
- နယ်သာလန်အစိုးရ
- အိုင်ယာလန်

# အခမ်းအနား စည်းကမ်းချက်

**Chatham House rule:**

- ဤဆွေးနွေးပွဲ၌ဆွေးနွေးသော အကြောင်းအရာများအား ဆွေးနွေးခန်း ပြင်ပတွင် ပြန်လည် ဆွေးနွေးခြင်း မပြုရန်။
- ဤဆွေးနွေးပွဲ၌ ဆွေးနွေးသော အကြောင်းအရာများအား ကတိကဝတ်အဖြစ် မသတ်မှတ်ရန်။
- အစည်းအဝေးပွဲအနှစ်ချုပ်အား MCRB ဝက်(ဘ်)ဆိုက်ပေါ်တွင် ဆက်လက်ဖော်ပြမည် ဖြစ်သော်လည်း ဖော်ပြသောအကြောင်းအရာများအား ဖော်ပြသူများ၏အမည်နှင့်တကွ ဖော်ပြမည်မဟုတ်။

# SWIA နှင့်အခြားသော သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် နည်းစနစ်များ၏ ခြားနားချက်များ

| | |
|---|---|
| **လူ့အခွင့်အရေးကိုအခြေခံသည်** | လူ့အခွင့်အရေး ရှုထောင့်၊အမြင် ကိုအခြေခံ၍ စီမံကိန်းများ၏ သက်ရောက်မှုများ၊ မူဝါဒ၊ ဥပဒေ၊ မူဘောင်များအားလေ့လာသည်။ |
| **EIA/SIA/ESIA စီမံကိန်းများထက် ပိုမိုကျယ်ပြန့်သော ပရိသတ်အတွက်ရည်ရွယ်သည်။** | အစိုးရဌာနဆိုင်ရာ၊ လွှတ်တော်၊ စီးပွားရေး ၊ ရပ်ရွာဒေသ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊အလုပ်သမားများ၊ အလုပ်သမားသမဂ္ဂများ။ |
| **မူဝါဒ၊ ဥပဒေများ၊ စီမံကိန်းများ၏ လိုအပ်ချက်များအား ပုံဖော်ရာတွင် အထောက်အကူပြုရန်။** | ဤကဏ္ဍနှင့်ပတ်သက်သော နိုင်ငံလုံးဆိုင်ရာအဆက်အစပ်၊ မူဘောင်များ၊ ဥပဒေ စာချုပ်များ (ရရှိနိုင်ပါက)၊ စီးပွားရေးလုပ်ငန်းအလေ့အထများ။ ဤကဏ္ဍတွင်လူ့အခွင့်အရေးပိုမိုရရှိရန်အကောင်အထည်ဖော်ရာတွင် မည်သည့်အကူအညီဆောင်ရွက်မှုများလိုအပ်သည်၊ မည်သည့် အဟန့်အတားများရှိသည်ကိုလေ့လာသည်။ |
| **လေ့လာတွေ့ရှိချက်များသည် အများအတွက် ကျယ်ကျယ်ပြန့်ပြန့် မျှဝေရန် ရည်ရွယ်သည်။** | စီမံကိန်းအဆင့် HRIA များသည် အများနှင့်မျှဝေလေ့မရှိ။ SWIA တွေ့ရှိချက်များသည် အများပိုင်ဖြစ်စေမည်။ အများပြည်သူအတွက် ပိုမိုကောင်းမွန်သော စီးပွားရေး အလေ့အထများ၊ ရင်းနှီးမြှုပ်နှံမှုများဖြစ်စေလိုသည်။ |
| **အဆင့် (၃) ဆင့်ဖြင့်လေ့လာသည်** | ကဏ္ဍအပေါ် သက်ရောက်မှုများအား အဆင့် (၃) ဆင့်ဖြင့်လေ့လာသည်။ ကဏ္ဍတစ်ခုလုံးအား ခြုံငုံလေ့လာခြင်း၊ စုပေါင်းသက်ရောက်မှု၊ စီမံကိန်းအဆင့်များ။ |

# ဘာကြောင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍရဲ့ သက်ရောက်မှုကိုလေ့လာဆန်းစစ်ရတာလဲ

- **Growth :** ICT ကဏ္ဍတွင် မကြုံဘူးသေးသော တိုးတက်မှု၊ မြင့်တက်မှုများ ရှိနေခြင်း။ နိုင်ငံအတွက် အဓိကကျသော လုပ်ငန်းကဏ္ဍဖြစ်ခြင်း။လက်ရှိဘဏ္ဍာငွေနှစ်တွင် ဆက်သွယ်ရေးကဏ္ဍမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံငွေ USD 8.1 Billions အနက် USD 2 Billion ပါဝင်ခြင်း။


- **Exapnsion :** voice နှင့် data ပိုမိုကောင်းမွန်စွာပေးဆောင်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် rollout အားအထူးလုပ်ဆောင်လျှက်ရှိခြင်း ။ ရည်မှန်းချက် - ၂၀၁၅ တွင် မိုဘိုင်းဖုန်း အသုံးပြုသူ သန်း (၃၀) ဦး (တယ်လီဖုန်းသိပ်သည်းဆ ၅၀%) (ICT မဟာစီမံကိန်း ၊၂၀၁၁ -၂၀၁၅)

- **Risks :** ICT လုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် မလိုလားအပ်သည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများရှိနိုင်ခြင်း။ ဥပမာ -
  - လူတစ်ဦးချင်းစီ၏ကိုယ်ရေးကိုယ်တာကိစ္စရပ်များအားလျှို့ဝှက်ထိမ်းသိမ်းထားရှိခွင့်၊
  - လွတ်လပ်စွာထုတ်ဖော်ပြသခွင့်၊
  - အလုပ်အကိုင်၊ မြေယာ နှင့်ဆိုင်သော အခြားသောလူ့အခွင့်အရေးကိစ္စရပ်များ၊
  - တရားဥပဒေနှင့်အညီကြားဖြတ်နားထောင်ခြင်း၊ ၊ data privacy။
  - သတင်းအချက်အလက်ရယူနိုင်မှု ဆိုင်ရာအဓိကစည်းမျဉ်းများအားဥပဒေတွင် လက်မှတ်ထိုးမထားရသေးခြင်း။

- **Addressing Risks:** မြန်မာနိုင်ငံ၏ သမိုင်း၊ပထဝီ နှင့် တိုင်းရင်းသားလူမျိုးစုများ၊ ဥပဒေဆိုင်ရာလစ်ဟာချက်များ →ICT ကဏ္ဍအတွင်းရှိစီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများအား ကြိုတင်လေ့လာဆန်းစစ်ခြင်းများပိုမိုအားကောင်းလာစေရန်။

- ICT SWIA အစီရင်ခံစာ မှအကူအညီဖြစ်စေမည်။

# မိုဘိုင်းဖုန်း အသုံးပြုမှု (၁၅) နှစ်တာ




2000-2013 Data Source: *International Telecommunications Union*
2014 Data Source: *Myanmar Times, "JICA Loan Set to Boost Telecoms" (January 2015)*
2015 Data Source: *Global New Light of Myanmar, "Communications Services Inspected in Kayah and Shan states (February 2015)*

# ကမ္ဘာအဆင့်သက်ရောက်မှုများ



# ကဏ္ဍအဆင့်သက်ရောက်မှုများ (ကောင်းကျိုး)

**စီးပွားရေးဆိုင်ရာသက်ရောက်မှုများ**

- ICT ကဏ္ဍမှ USD 6.4 Billions အား မြန်မာနိုင်ငံ၏ GDP သို့ပါဝင်စေခြင်း၊ ၂၀၃၀ခုနှစ်တွင် ICT ကဏ္ဍ၌ လူဦးရေ ၂၄၀၀၀၀ ခန့် အလုပ်အကိုင်ရရှိနိုင်ခြင်း။
- တယ်လီဖုန်းသိပ်သည်းဆ ၁၀% တိုးခြင်းနှင့် GDP per capita ၈% တိုးမြင့်ခြင်းဆက်စပ်မှု
- အင်တာနက် အသုံးပြုမှု ၁၀ % တိုးမြင့်ခြင်း ကြောင့် GDP per capita ၁.၁၂ % တိုးမြင့်ခြင်း
- ကြိုးမဲ့အင်တာနက်ချိတ်ဆက်စနစ် ၁၀ % တိုးခြင်းကြောင့် GDP per capita ၁.၃၈% တိုးမြင့်ခြင်း

**အုပ်ချုပ်မှု**

ICTကြောင့် ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်ရယူနိုင်မှု၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်မှုများမှတဆင့် နိုင်ငံသားများနှင့်အစိုးရအကြား အများပါဝင်သောချိတ်ဆက်ဆောင်ရွက်မှုကိုပိုမိုဖြစ်ပေါ်စေနိုင်သည်။

- Civic technology, e-governance, open data

**ယဉ်ကျေးမှု**

- Language localization နှင့် သတင်းအချက်အလက်များ ရယူနိုင်ခြင်း၊ ဒေသဘာသာစကားဖြင့် ရေးသားသော အကြောင်းအရာများပိုမိုများပြားလာခြင်း
- ဒီဂျစ်တယ်စနစ်ကိုအသုံးပြု၍ တိုင်းရင်းသားဘာသာစကားများအား ရေရှည်ထိမ်းသိမ်းထားနိုင်ခြင်း

**လူမှုရေး**

- သတင်းအချက်အလက်ရယူမှုပိုမိုလွယ်ကူလာခြင်း နှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အရင်းအမြစ်များ အပါအဝင် ICT4D applications ပေါ်ပေါက်လာခြင်း။
- ပြောင်းရွှေ့အလုပ်လုပ်ကိုင်သူများ နှင့်ပတ်သက်သောသက်ရောက်မှုများ - ဒေသတွင်းရှိမိသားစုများနှင့် ပြောင်းရွှေ့အလုပ်လုပ်ကိုင်သူများ အကြား ဆက်သွယ်ခြင်း နှင့် ငွေလွှဲပြောင်းပေးပို့ခြင်း (mobile money)။

**သဘာဝပတ်ဝန်းကျင်**

- Geographic Information Systems (GIS)

# ကဏ္ဍအဆင့်သက်ရောက်မှုများ

| ဆိုးကျိုးသက်ရောက်မှုများ | ဆိုးကျိုးများအားလျှော့ချခြင်း |
| --- | --- |
| **Digital Dangers:**<br>• စတင်ပေါ်ပေါက်လာသော အွန်လိုင်းမှ တဆင့် အနိုင်ကျင့် မှု (သို့) အနှောက်အယှက်ပေးမှုများ၊ ကာယကံရှင်၏ သဘောတူညီမပါ အပြာဓါတ်ပုံ၊ ဗီဒီယိုစသည်၊ ကလေးများ၏ အွန္တရာယ်ကင်းဝေးရေး | Social media များ၏စည်းကမ်းစံနန်းများအားလုံးအား ဘာသာပြန်ဆိုရခြင်း နှင့် ၎င်းစံနန်းတို့အား သိရှိနားလည်ခြင်း၊ အွန်လိုင်းတိုင်ကြားနိုင်သည့် စနစ်များအားသိရှိနားလည်ရန် ပညာပေးခြင်း။ |
| **Digital Dangers:**<br>• အများပြည်သူမှ digital literacy အသိပညာနည်းပါးခြင်း | Communiation materials, terms of service agreements, software or application agreements စသည့် အကြောင်းအချက် အလက်များအား ဒေသဘာသာစကားသို့ပြန်ဆိုခြင်း။ |
| **ICT ပညာရပ်**<br>ခေတ်နှောက်ကျသော သင်ရိုးများ၊ ကုမ္ပဏီများမှ အရည်အသွေး ပြည့်ဝသော ICT ပညာရပ်ကျွမ်းကျင် ဝန်ထမ်းများ ခေါ်ယူရန် အခက်အခဲရှိခြင်း။ | သင်ရိုးရေးဆွဲရာတွင်public-private ကဏ္ဍပူးပေါင်း ဆောင်ရွက်မှု တိုးတက်လာခြင်း၊ အလုပ်သင်ခွင့် (သို့) ကျောင်းသားများအား လက်တွေ့လုပ်ဆောင်ခွင့်ပိုမိုရရှိရန် စီပွားရေးဆိုင်ရာပြိုင်ပွဲများ (သို့) hackathon များကဲ့သို့ software development ဆိုင်ရာပွဲများ ပိုမိုကျင်းပပေးခြင်း ။<br><br>မြန်မာစာ font များအသုံးပြုမှုစနစ်ပိုမိုတိကျစေရန်။ တိုင်ရင်းသားဘာသာစကားဖြင့်ရေးသားဖော်ပြထား အကြောင်းအရာပိုမိုများပြားလာစေရန်။ လူထုအကြား digital linteracy ပိုမိုတိုးမြင့်လာစေရန် သင်တန်းများ၊ campaign များမှတဆင့်ဆောင်ရွက်ရန်။ |
| **သဘာဝပတ်ဝန်းကျင်**<br>[illegible] | အသစ်တဖန်ပြန်လည်အသုံးပြုနိုင်သည့်စွမ်းအင်များ<br>[illegible] |


ကွင်းဆင်းသုတေသနမှတွေ့ရှိချက်များ

# ကွင်းဆင်းသုတေသန ဆောင်ရွက်ခဲ့သောနေရာများ (၂၀၁၄ နိုဝင်ဘာ – ၂၀၁၅ ဖေဖော်ဝါရီ)

**ပထမ အကြိမ် ကွင်းဆင်းလေ့လာမှု**

**၂၀၁၄ နိုဝင်ဘာ - ဒီဇင်ဘာ**

**က. မန္တလေးတိုင်းဒေသကြီး**

- ပြင်ဦးလွင်
- မန္တလေးမြို့နှင့်အနီးတဝိုက်

**ခ. စစ်ကိုင်းတိုင်းဒေသကြီး**

**ဒုတိယအကြိမ် ကွင်းဆင်းလေ့လာမှု**

**၂၀၁၅ ဒီဇင်ဘာ - ဇန်နဝါရီ**

**ဂ. ရန်ကုန်တိုင်းဒေသကြီး**

**တတိယအကြိမ် ကွင်းဆင်းလေ့လာမှု**

**၂၀၁၅ ဇန်နဝါရီ**

**ဃ. ရှမ်းပြည်နယ်**

- တောင်ကြီး၊ ညောင်ရွှေ၊ ရွှေညောင်၊ ဟိုပုံး

**စတုတ္ထအကြိမ် ကွင်းဆင်းလေ့လာမှု**


**၂၀၁၅ ဖေဖော်ဝါရီ**

**င. မွန်ပြည်နယ်**

- (သထုံ၊မော်လမြိုင်)

**စ. ကရင်ပြည်နယ်**

- ဘားအံ၊ ကော့ကရိတ်၊ မြဝတီ



# ICT ကဏ္ဍနှင့် ပတ်သတ်ဆက်စပ်သူများ

**ပြည်ထောင်စု အဆင့်တွင် (အင်တာဗျူးပုံစံဟုတ်ပါ)**

- ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
- ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

**ဒေသခံ ရပ်ရွာအဆင့် တွေ့ဆုံဆွေးနွေးမှု (၁၇၅) ကြိမ်**

- တစ်ဦးချင်း အင်တာဗျူး (၁၃၉) ဦး
- အဖွဲ့ငယ်များနှင့် ဆွေးနွေးမေးမြန်းခြင်း (၄၁) ကြိမ်

**တွေ့ဆုံသူများ**

- **ဒေသခံများ-**
  အမျိုးသမီးများ၊ရပ်မိရပ်ဖများ၊ ကျောင်းများ၊ ဈေးရောင်းချသူများ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ရွာခေါင်းဆောင်များ
- ဝန်ထမ်းများ၊ နေ့စားအလုပ်သမားများ
- ကုမ္ပဏီများမှစီမံခန့်ခွဲသူများ

**အခြားတွေ့ဆုံခဲ့သူများ**

- အရပ်ဘက်လူ့အဖွဲ့အစည်းများ
- ကျန်းမာရေးဝန်ထမ်းများ
- ဒေသတွင်းတတ်သိပညာရှင်များ
- သတင်းနှင့် စာနယ်ဇင်းသမားများ
- နိုင်ငံရေးပါတီများ
- ဘာသာရေး ခေါင်းဆောင်များ
- တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အာဏာပိုင်များ
- ထောက်ပံ့ဝန်ဆောင်မှုပေးသော လုပ်ငန်းများ

အစီရင်ခံစာတွင် နေရာ၊ ကုမ္ပဏီ၊ လူအမည်များအား အမည်နှင့်တကွ တိကျစွာဖော်ပြရေးသားခြင်း မဟုတ်။

# ကွင်းဆင်းသုတေသန မေးခွန်းလွှာများ

| | |
|---|---|
| **လူထုရပ်ရွာ**<br>ICT လုပ်ငန်းများကြောင့် သက်ရောက်မှုရှိသောရပ်ရွာဒေသများ။<br>အကြောင်းအရာများ - ဆွေးနွေးတိုင်းပင်ခြင်း၊ အလုပ်အကိုင်၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်၊ အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ လုံခြုံရေး၊ ကလေးအခွင့်အရေး၊အမျိုးသမီးအခွင့်အရေး။ဌာနေတိုင်းရင်းသားများ။ | **မန်နေဂျာများ**<br>ICT နှင့်ဆက်စပ်သောကုမ္ပဏီများ၊ ထောက်ပံ့ဝန်ဆောင်မှုပေးသော လုပ်ငန်းများ။<br>အကြောင်းအရာများ - customer/user privacy andsecurity,တရားဥပဒေနှင့်အညီကြားဖြတ်နားထောင်ခြင်း၊စောင့်ကြည့်စစ်ဆေးခြင်း)၊လွတ်လပ်စွာထုတ်ဖော်ပြသခွင့်(စိစစ်ဖြတ်တောက်ခြင်း၊ အမုန်းစကား), အလုပ်အကိုင်အခြေအနေ နှင့် ရပ်ရွာဒေသအပေါ် သက်ရောက်မှုများ (မြေယာအသုံးပြုမှုအပါအဝင်) |
| **ICT ကုမ္ပဏီများ၊ထောက်ပံ့ ဝန်ဆောင်မှု ပေးသော လုပ်ငန်းများ၏ဝန်ထမ်းများ** - အလုပ်အကိုင် အခြေအနေ၊ ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဝန်ထမ်းလုံခြုံရေး၊ အလုပ်သမားသမဂ္ဂ။ | **အခြားသက်ဆိုင်သူများ** - ICT ကြောင့် ဖြစ်ပေါ်သော သက်ရောက်မှုများနှင့်ဆိုင်၍ - LNGO/ INGO/ မီဒီယာ၊ နိုင်ငံရေးပါတီများ၊ ကျောင်းများ၊ ဘုန်းကြီးကျောင်းများ စသည်။ |

# အစီရင်ခံစာအပြည့်အစုံတွင်ပါဝင်မည့်အကြောင်းအရာများ

(ဆွေးနွေးအကြံဉာဏ်ရယူခြင်းပါအကြောင်းအရာများအား**အစိမ်းရောင်** ဖြင့်ဖော်ပြထားသည်)

- အစီရင်ခံစာအနှစ်ချုပ်
- မိတ်ဆက်
- အစိုးရ ဖွဲ့စည်းပုံ နှင့် တရားရေးမူဘောင်
- **ကဏ္ဍအဆင့်သက်ရောက်မှုများ**
- **လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သောအဆင့်ရှိသက်ရောက်မှုများ**
  - လွတ်လပ်စွာထုတ်ဖော်ခွင့် နှင့် ဆင်ဆာ
  - အမုန်းစကား
  - စောင့်ကြည့်စစ်ဆေးခြင်းနှင့် တရားဥပဒေနှင့်အညီကြားဖြတ်နားထောင်ခြင်း
  - ကိုယ်ရေးကိစ္စရပ်များအားလျှို့ဝှက်ထားရှိခြင်း
  - ဆိုင်ဘာလုံခြုံရေး
  - အလုပ်အကိုင်
  - မြေယာ
  - ထိခိုက်မှုများ၊အန္တရာယ်များကြုံတွေ့နိုင်ဖွယ်ရှိသောလူအစုအဖွဲ့များ
  - ဆက်နွယ်သူများနှင့်ချိဆက်ဆွေးနွေးတိုင်ပင်ခြင်း နှင့် နစ်နာမှုများအား ဖော်ထုတ်ဖြေရှင်းခြင်း နည်းလမ်းများ
  - ပဋိပက္ခကိစ္စရပ်များ နှင့် လုံခြုံရေး

June 2015 Consultation Draft available at: http://www.myanmar-responsiblebusiness.org/swia

ဆက်လက်၍...

## အစီရင်ခံစာအပြည့်အစုံတွင်ပါဝင်မည့်အကြောင်းအရာများ

(ဆွေးနွေးအကြံဉာဏ်ရယူခြင်းပါအကြောင်းအရာများအား;**အစိမ်းရောင်** ဖြင့်ဖော်ပြထားသည်)

- **စုပေါင်းသက်ရောက်မှုများ**
- **အကြံပြုချက်များ**
  - အစိုးရ
  - စီပွားရေးကုမ္ပဏီများ
  - အသုံးပြုသူများ
  - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ
  - ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏မိခင်အစိုးရများ
  - ရင်းနှီးမြှုပ်နှံသူများ

- နောက်ဆက်တွဲ
  - SWIA ကွင်းဆင်းသုတေသနအား စနစ်တကျဆောင်ရွက်ပုံနည်းအဆင့်ဆင
  - မြန်မာ နိုင်ငံအတွင်းရှိ ICT လုပ်ငန်းများ နှင့် အော်ပရေတာများ
  - လူ့အခွင့်အရေးကိုလေးစားသောတရားဥပဒေနှင့်အညီဆက်သွယ်ရေးအားကြားဖြတ်နားထောင်ခြင်းပုံစံ

June 2015 Consultation Draft available at:
http://www.myanmar-responsiblebusiness.org/swia

## အပိုင်း (၁)

# တွေ့ရှိချက်များ



# လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သောအဆင့်သက်ရောက်မှုများ

- ဆက်နွယ်သူများနှင့်ချိဆက်ဆွေးနွေးတိုင်ပင်ခြင်း နှင့် နစ်နာမှုများအား ဖော်ထုတ်ဖြေရှင်းခြင်း နည်းလမ်းများ
- ကိုယ်ရေးကိစ္စရပ်များအားလျှို့ဝှက်ထားရှိခြင်း
- စောင့်ကြည့်စစ်ဆေးခြင်းနှင့် တရားဥပဒေနှင့်အညီကြားဖြတ်နားထောင်ခြင်း
- ဆိုင်ဘာလုံခြုံရေး
- လွတ်လပ်စွာထုတ်ဖော်ပြသခွင့်
- အမုန်းစကား
- ထိခိုက်မှုများ၊အန္တရာယ်များကြုံတွေ့နိုင်ဖွယ်ရှိသောလူအစုအဖွဲ့များ
- မြေယာ
- အလုပ်အကိုင်
- ပဋိပက္ခကိစ္စရပ်များ နှင့် လုံခြုံရေး

# ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆွေးနွေးတိုင်ပင်ခြင်း (Stakeholder Engagement)



- **အဓိကတွေ့ရှိချက် - အများပြည်သူပါဝင်သည့် အကြံပြုညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပမှုနည်းပါးခြင်း**
  - အိုင်စီတီ ကုမ္ပဏီတစ်ခု သို့မဟုတ် မြန်မာအစိုးရအနေဖြင့် network rollout, မြေယာလိုအပ်ချက်နှင့် အသုံးပြုမှု၊ rollout နည်းလမ်းများက ၎င်းတို့၏ နေထိုင်မှု ဘဝများနှင့် **အသက်မွေး ဝမ်းကျောင်းမှုများ အား ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုး**ဖြစ်စေသက်ရောက်နိုင်သည်ကို ဒေသခံများအားရှင်းလင်းပြောကြားရန် အများပြည်သူများပါဝင်သည့် **အကြံပြုဆွေးနွေးပွဲကျင်းပခြင်းမှာ မရှိသလောက်**နည်းပါးခြင်း။
  - စိုက်ထူသည့်ဖုန်းတိုင်များကြောင့်ဖြစ်နိုင်သည့် **အန္တရာယ်များ**နှင့် ပတ်သက်၍ သိရှိသင့်သည့် အချက်အလက်များကို ဖော်ပြခြင်းမရှိခြင်း။

- **အဓိကတွေ့ရှိချက် - ထိခိုက်မှုများ၊စိုးရိမ်မှုများကိုဖော်ထုတ်ဖြေရှင်းနိုင်သည့်နည်းလမ်းများမထားရှိခြင်း**
  - ဖုန်းတိုင်များ၊ ဖိုင်ဘာလိုင်းများအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းများတွင် **မည်သည့်ကုမ္ပဏီက လုပ်ဆောင်သည်**ကို ဒေသခံများက မသိရှိကြပေ။
  - ဆက်သွယ်ရေးလိုင်းများချသည့် ကုမ္ပဏီကိုသော်လည်းကောင်း၊ ဖုန်းတိုင်ဆောက်လုပ်သည့် ကုမ္ပဏီကိုသော်လည်းကောင်း၊ တယ်လီဖုန်းကုမ္ပဏီကိုသော်လည်းကောင်း ဆက်သွယ်လိုလျှင်ဖြစ်စေ၊ နစ်နာမှုများကို တိုင်ကြားလိုလျှင် ဖြစ်စေ ဆက်သွယ်နိုင်သည့် **ဖုန်းနံပါတ်များ**ကို ဒေသခံများအား ပေးထားခြင်းမရှိပေ။
  - တိုင်ကြားမှုများပြုလုပ်လိုပါကနိုင်ငံခြားကုမ္ပဏီထံသို့ **over the top services** (eg. Facebook, Viber) များမှတဆင့်တိုင်ကြားနိုင်သော်လည်း အခြားတိုင်ကြားနည်းများ၊ အခြားလုပ်ငန်းများတွင် မကျေနပ်မှုများအားတိုင်ကြားနိုင်သည့်စနစ်များမရှိကြပါ။

# မြန်မာနိုင်ငံရှိ အလေ့အထကောင်းများ၏ နမူနာများ

- .*"Proposed Rules for the Telecommunications Sector Relating to* ***Licensing****, Access and Interconnection, Spectrum, Numbering and Competition"* နှင့် ပတ်သက်၍ **အများပြည်သူ ပါဝင်သည့် ညှိနှိုင်းအကြံဉာဏ်ရယူ**ဆွေးနွေးပွဲတစ်ရပ်ကျင်းပကာ ပွင့်လင်းမြင်သာမှု ပိုမိုရှိရေးအတွက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာ (၄) မှ ဒီဇင်ဘာ (၂) ရက်နေ့အထိပြုလုပ်ခဲ့သည်။ ၎င်းအား ဝန်ကြီးဌာန၏ ဝက် (ဘ်) ဆိုက် www.myanmarpublicconsultation.com တွင်လည်း တင်ခဲ့သည်။
- ၂၀၁၅ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် အော်ပရေတာများမှ ပထမဦးဆုံး Public Sustainability Seminar အား ရန်ကုန်မြို့တွင်ကျင်းပခဲ့သည်။ ၎င်းတွင် လူ့အခွင့်အရေးဆိုင်ရာ ကြုံတွေ့နိုင်သောအခက်အခဲ၊ အန္တရာယ်များ နှင့် လက်ရှိဆောင်ရွက်နေသော Compliance Initiative များအကြောင်းဆွေးနွေးခဲ့ပြီး အင်္ဂလိပ် -မြန်မာ ဘာသာပြန်ဆိုမှုပြုလုပ်ပေးခဲ့သည်။
- ၂၀၁၅ခုနှစ် မတ်လတွင် MCIT မှ မိုဘိုင်းထုတ်လုပ်သူများအဖွဲ့နှင့် network provider တစ်ခု၏အကူအညီဖြင့်**မြန်မာမိုဘိုင်းကွန်ယက်နှင့်ကျန်းမာရေးသက်ရောက်မှုများ**ဆိုင်ရာ အများပြည်သူ ပါဝင်သည့် ညှိနှိုင်းအကြံဉာဏ်ရယူဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲတွင် **အသိပညာပေးလက်ကမ်းစာစောင်များ**လည်းဖြန့်ဝေခဲ့သည်။ လက်ရှိတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် rollout ၏ ပထဝီဝင်အနေအထားအရ ဤလက်ကမ်းစာစောင်များအားအခြားတိုင်းရင်းသားဘာသာစကားသို့ပြန်ဆိုခြင်းပြုမပြုနှင့်မည်သူ တဖြန့်ဝေရန်တာဝန်ရှိသည်ကိုကွဲကွဲပြားပြားမသိရှိရပါ။

# ကိုယ်ရေးကိုစွရပ်များအားလှို့ဝှက်ထားရှိခြင်း (Privacy)



- **အဓိကတွေ့ရှိချက် - လျှို့ဝှက်ထားရှိလိုသည်များနှင့် ပတ်သက်၍ မူဝါဒများ သို့မဟုတ် ရှင်းလင်း ပြောကြားထားသည့် မူဝါဒများမရှိခြင်း**
  - **အချက်အလက် ထိန်းသိမ်းထားပိုင်ခွင့် မူဝါဒများ မရှိခြင်း**၊ သို့မဟုတ် အချို့ကိစ္စများတွင် သုံးစွဲသူများအား ရှင်းရှင်းလင်းလင်းသိရှိအောင် ဆောင်ရွက်ထားရှိမှု မရှိခြင်း။
  - အချက်အလက်များရယူကြည့်ရှုမှု၊ အရေးအပေါ်အခြေအနေတွင် အချက်အလက်များကို ထပ် အရံမိတ္တူထားရှိခြင်းအပါအဝင် စီးပွားရေးလုပ်ငန်းများတွင် အချက်အလက်များ **သိုမှီးသည့် စနစ်တစ်ခုမှ တစ်ခုကွဲပြားခြင်း။**

- **အဓိကတွေ့ရှိချက် - အသုံးပြုသူများသည် လျှို့ဝှက်ထားရှိလိုသည့် အချက်အလက် ပေါက်ကြား မှုအန္တရာယ်နှင့် ပတ်သက်၍ သိရှိမှု မရှိခြင်း**
  - အသုံးပြုသူများမှ အရေးကြီးသည့် **မိမိ၏ကိုယ်ရေးကိုယ်တာ** အချက်အလက်များအား လူမှုဆက်သွယ်ရေး မီဒီယာများ တွင်ဖြန့်ဝေမိခြင်း။
  - အသုံးပြုသူအများအပြားသည် **မိမိတို့၏**လူမှုဆက်သွယ်ရေး မီဒီယာ**အကောင့်များ**ကို မည်သို့ **လျှို့ဝှက်စနစ်ထားရှိသုံးစွဲရမည်ကို မသိရှိခြင်း။**
  - ထို့အတူ၊အသုံးပြုသူများသည် လူမှုဆက်သွယ်ရေးမီဒီယာပေါ်မှအကြောင်းအရာ များနှင့် **ပတ်သက်၍ မည်သို့ တိုင်ကြားရမည်ကို သိရှိမှု မရှိခြင်း။**

# မြန်မာနိုင်ငံရှိ အလေ့အထကောင်းများ၏ နမူနာများ

- ကုမ္ပဏီများသည် ၄င်းတို့၏ apps များ၊ ကွန်ယက်များ၊ ၄င်းတို့၏ စနစ်များအတွင်း သိမ်းဆည်းထားသောအချက်အလက်များ၏လုံခြုံရေးကိုစစ်ဆေးရန်လက်ရှိ လုပ်ဆောင်နေသည့် အခြေခံအဆောက်အအုံများ အပေါ်တွင် လုံခြုံရေး ခြိမ်းခြောက်မှုများ၊ လုံခြုံရေးကျိုးပေါက်နိုင်သည့် အနေအထားများနှင့်ပတ်သက်၍ ဆန်းစစ်မှုများကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။.
  - ဘဏ်တစ်ခုသည် ကုမ္ပဏီ (၂) ခုကို ငှားရမ်းကာ အဆိုပါ ဆန်းစစ်မှုမျိုးကို လုပ်ဆောင်လျက်ရှိသည်။ (ပြည်တွင် ကုမ္ပဏီနှင့် ပြည်ပကုမ္ပဏီ)

# စောင့်ကြည့်စစ်ဆေးခြင်းနှင့် တရားဥပဒေနှင့် အညီကြားဖြတ်နားထောင်ခြင်း (Surveillane and Lawful Interception)



- **အသိကတွေ့ရှိချက် - တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများက အချက်အလက်တောင်းခံမှုများအပေါ် ရှေ့နောက် မညီသည့် မူဝါဒများ။**
  - တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများက အချက်အလက်များ၊ ဖုန်းခေါ်ဆိုမှု မှတ်တမ်းများ တောင်းယူရာတွင် စိစစ်မှုများ မရှိဘဲ တောင်းဆိုမှုများကို လွယ်လွယ်လိုက်လျောခြင်း။
  - ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးကုမ္ပဏီများအား လူကုန်ကူးခြင်း၊ အကြမ်းဖက်မှုကိစ္စများနှင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ကိစ္စများနှင့် ပတ်သက်၍ အချက်အလက်တောင်းခံလာပါက ခွင့်ပြုရန် အမိန့်ထုတ်ထားသည်။
  - ဆက်သွယ်ရေးကုမ္ပဏီတစ်ခုသည် တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများမှ တောင်းဆိုလာသည့် တောင်းဆိုချက်များသည့် ဥပဒေနှင့်ကိုက်ညီမှုရှိမရှိ စိစစ်ရန် ကုမ္ပဏီတွင်း အဖွဲ့ခွဲတစ်ခု ဖွဲ့စည်းထားသည်။
- **လက်ရှိအခြေအနေ - တရားဥပဒေနှင့်အညီ ကြားဖြတ်နားထောင်ခွင့်ပြုနိုင်သည့် ဥပဒေမူဘောင် မရှိခြင်း**
  - ၂၀၁၅ ခုနှစ် မေလတွင်၊ နိုင်ငံတကာ အကြံပေးများ၏ အကူအညီဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် cyber-crime နှင့် "electronic evidence" အဓိကထားပြီး 'အချက်အလက်" ရှာဖွေရေး ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။
  - ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည ရွေးကောက်ပွဲကာလ မတိုင်ခင် "electronic evidence" အတွက် ဥပဒေမူတစ်ရပ်လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားပြီးဖြစ်သည်။

# ဆိုင်ဘာလုံခြုံရေး (Cyber security)



- **အဓိကတွေ့ရှိချက် - စီးပွားရေးလုပ်ငန်းများ အနေဖြင့် ဆိုင်ဘာလုံခြုံရေးနှင့်ပတ်သက်၍ အန္တရာယ်ရှိမှု အပေါ် သိရှိမှု နည်းပါးခြင်း။**
  - ကုမ္ပဏီအများစုမှာ ၄င်းတို့၏ စနစ်များသည် ခြိမ်းခြောက်မှုများကို အံတုနိုင်သည့် အနေအထား ဖြစ်စေရန် မူဝါဒထားရှိခြင်း မရှိခြင်း။
- **အဓိကတွေ့ရှိချက် - အချက်အလက်များထိန်းသိမ်း ကာကွယ်ထားရှိနှင့် ပတ်သက်၍ ရှေ့နောက် ညီညွတ်မှု မရှိခြင်း။**
  - အချက်အလက်ဌာနများရှိသည့် စီးပွားရေးလုပ်ငန်များတွင်ထားရှိသည့် အချက်အလက်များ လုံခြုံမှု အတိုင်းအတာ မတူညီခြင်း။ အချို့ စီးပွားရေးလုပ်ငန်းများသည် လာရောက်လည်ပတ်သူများအား အချက်အလက်ဌာနများကို ဝင်ရောက်ခွင့်ပြုပြီး၊ အချို့မှာ လုံခြုံရေးအထပ်ထပ် စီမံထားသည်ကို တွေ့ရသည် - ဥပမာ လက်ဗွေဖတ်သည့် စံနစ်၊ ဝင်ရောက်နိုင်သည့် ကဒ်ပြားများနှင့် close circuit television လိုမျိုး biometric စံနစ်များ တပ်ဆင်ခြင်း။
- **အဓိကတွေ့ရှိချက် - စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုသည့် ခိုးကူးဆော့ဖ်ဝဲလ်များ။**
  - စီးပွားရေးလုပ်ငန်းအများအပြားသည် အိမ်မေးအပါဝင် ရုံးတွင်းလုပ်ငန်းများအတွက် ခိုးကူးဆော့ဖ်ဝဲလ်များ ကို အသုံးပြုသည်ကိုတွေ့ရသည်။ အချို့ဆော့ဖ်ဝဲလ်များသည် ဆော့ဖ်ဝဲလ်ရေးသားထုတ်လုပ်သူများ၏ နောက်ဆုံးပေါ် **ကာကွယ်မှု နည်းစနစ်များ မပါဝင်**သည့်အတွက် အသုံးပြုသူများ၏ အချက်အလက်များကို လုံခြုံရေးချိုးဖောက်လိုသူများက လွယ်လွယ်ရယူနိုင်သည်၊

**အဓိကတွေ့ရှိချက် - ဖုန်းဆိုင်များက ထည့်သွင်းပေးသည့် ခိုးကူး apps များ။**

- ဖုန်းဆိုင်များက ထည့်သွင်းပေးသည့် ခိုးကူး apps များကို အသုံးပြုသူအများစုသည် app များအသုံးပြုရာ တွင် ဆော့ဖ်ဝဲလ်က လိုအပ်သည့် ခွင့်ပြုချက်များကို မသိရှိသလို၊ **ဗိုင်းရပ်ပါလာနိုင်သည့် apps** များအကြောင်းကိုလည်း သိရှိသူနည်းပါးသည်။


လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သောအဆင်သက်ရောက်မှုများ
လွတ်လပ်စွာထုတ်ဖော်ခွင့်
(Freedom of Expression )


- **အဓိကတွေ့ရှိချက် - ဘာသာရေးခေါင်းဆောင်များ၏ လူထုအမြင်ပေါ် လွှမ်းမိုးမှု**
  - ဩဇာကြီးမားသည့် ဗုဒ္ဓဘာသာဘုန်းကြီးများ၏ လူထုအပေါ်လွှမ်းမိုးနိုင်မှု နှင့် ၎င်းတို့ဟောကြားသည့် တရားတော်များ အပေါ်သက်ဝင်ယုံကြည်သူများမှ မေးခွန်းထုတ်မှု မရှိခြင်း။
  - မေးခွန်းဖြေဆိုသူများသည် "အန္တရာယ်ရှိသည့် ပြောကြား" မှုများ၊ တစ်ဦးနှင့် တစ်ဦးရှိသေလေးစားမှု၊ နားလည်သည်းခံမှုများနှင့် ပတ်သက်သည့် ပညာပေးလှုပ်ရှားမှုအစီအစဉ်များရှိရန် ဆန္ဒရှိသည်။
- **အဓိကတွေ့ရှိချက် - အွန်လိုင်းတွင် အန္တရာယ်ရှိပြောဆိုရေးသားမှုများကို တိုင်ကြားမှု နည်းပါးခြင်း**
  - အင်တာနက်ကွန်နက်ရှင်နှေးကွေးခြင်းနှင့် တိုင်းကြားနိုင်သည်ကို မသိရှိခြင်းကြောင့် အွန်လိုင်းတွင် နှောက်ယှက်စော်ကားပြောဆို ရေးသားမှုများကို ဝပ်ဆိုဒ်တာဝန်ရှိသူများအား တိုင်းကြားခြင်းမရှိ
  - အွန်လိုင်းတွင် အခြားသူများ၏ အပြုအမူ အရေးအသားများကြောင့် "ဂုဏ်သိက္ခာ" ထိခိုက်မှုများကို အမျိုးသမီးများသည် ပို၍ခံစားကြရ။ သို့ဖြစ်ရာ ကာကွယ်ပေးမှုသော်လည်းကောင်း၊ ယင်းသို့ တွေ့ထိမှုများကို ကန့်သတ်ခြင်းသော်လည်း လုပ်ဆောင်ပေးသင့်
- **အဓိကတွေ့ရှိချက် - အင်တာနက် ဝန်ဆောင်မှုပေးသူများက စိစစ်သည့် ကရိယာတပ်ဆင်ထားခြင်း**
  - BlueCoat ကွန်ယက်ကိရိယာ ISP တစ်ခု၏ Data Centerတွင် တပ်ဆင်ထားသည်ကို တွေ့ရ။ Data Center မှ အချက်အလက်များကို မည်သူက အသုံးပြုနိုင်သည် မသိရှိပေ။
  - အချက်အလက်များကို စိစစ်ပေးရန်၊ ဖြတ်တောက်ပစ်ရန် တောင်းခံလာမှုများကို စီမံခန့်ခွဲရန် နည်းလမ်းတကျလုပ်ငန်းစဉ် မရှိသေးပေ။ အဆိုပါတောင်းခံမှုများ၏ သက်ရောက်နိုင်မှုများနှင့် ပတ်သက်၍လည်း သုံးစွဲသူများကို ဆက်သွယ်သည့်လုပ်ငန်းစဉ် မရှိသေးပေ။

# မြန်မာနိုင်ငံအတွင်းရှိအလေ့အထကောင်းနမူနာများ

- အင်တာနေ့ရှင်နယ်လိုင်စင်ရကုမ္ပဏီတစ်ခုမှ Community Information Centre (၂၀၀) တည်ဆောက်ပေးရန်ကတိပြု။ အသုံးပြုသူများအား မိုဘိုင်းဝန်ဆောင်မှုများ အား ပိုမိုသိရှိစေရန် နှင့် မြန်မာပြည်တွင်း ကျေးလက်မကျန် နိုင်ငံတကာနှင့် အွန်လိုင်းမှ တဆင့်ဆက်သွယ်နိုင်ရန်။ စာသင်ကျောင်းအများအပါအဝင် ပြည်သူများ Digital Literacy ပိုမို အားကောင်းလာစေရန်၊

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သောအဆင်သက်ရောက်မှုများ

# အမုန်းစကား (Hate Speech)






# အမုန်းစကား နှင့်ပတ်သက်၍ သုတေသနပြုလုပ်ခြင်းမှမှတ်တမ်းမှတွေ့ရှိချက်

မြန်မာနိုင်ငံအတွင်း ရှိလူမှုဆက်သွယ်ရေး မီဒီယာအား ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ - မတ်လအတွင်း၊ သုတေသနငယ်ပြုလုပ်ခဲ့ပါသည်။

- မေးခွန်းများသည် မြန်မာနှင့်ဆက်စပ်သော "အန္တရာယ်ရှိသည့် ပြောကြား" မှုဘောင် ကိုအခြေခံထားပါသည်။
- လက်ရှိမြန်မာပြည်တွင်း အွန်လိုင်းလူမှုဆက်သွယ်ရေးမီဒီယာ အပေါ် ခြုံငုံနားလည်စေရန် ရည်ရွယ်ပါသည်။

- **အဓိကတွေ့ရှိချက်များ: တွေ့ရှိသော ရေးသာချက် အကြောင်းအရာပုံစံများ (sample) သည် မွတ်ဆလင် များအား ဦးတည်ရေးသားထားသည်။**

- **အဓိကတွေ့ရှိချက်များ: လေ့လာခဲ့သော အကြောင်းအရာများ၏ ၃၈% က လက်တွေ့ အကောင်အထည်ဖော်ရန်တိုက်တွန်းခဲ့ကြသည်။**
  - ခွဲခြားဆက်ဆံခြင်း (ဥပမာ- မွတ်ဆလင်များပိုင်သောဆိုင်များ၊ စီးပွားရေး လုပ်ငန်းများအား ဝယ်ယူခြင်း၊ဆက်သွယ်ခြင်းမပြုရန်)။
  - ရန်လိုမှု (ဥပမာ- မွတ်ဆလင်များအားနိုင်ငံသားပြုခွင့်မှုအားငြင်းပယ်သင့်ကြောင်း မွတ်ဆလင်များအားသတ်ဖြတ်ရန်။

- **အဓိကတွေ့ရှိချက်များ:  အွန်လိုင်းတွင်တင်သော ပိုစ်များတွင် နိုင်ငံရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ မှ တင်သောအခါတုန့်ပြန်မှုပိုမိုအားကောင်းသည်။**
  - အများမှတဆင့်ပြန်လည်မျှဝေသော (share) ပိုစ်များစုသည် နာမည်ကြီးသော မြန်မာ လူပုဂ္ဂိုလ်များ၏ပိုစ်များဖြင်ကြသည်။

# ထိခိုက်မှုများ၊ အန္တရာယ်များ ကြုံတွေ့နိုင်ဖွယ်ရှိသောလူအစုအဖွဲ့များ (Groups at Risk)



- **အဓိကတွေ့ရှိချက် - လူမျိုးရေးနှင့် ဘာသာရေး တင်းမာမှုများ**
  - မွတ်ဆလင်အများစုနေထိုင်သည့်နိုင်ငံမှ ကုမ္ပဏီတစ်ခု၏ ကန်ထရိုက်ယူလုပ်ကိုင်သူများသည် ဒေသခံများမှ အဆိုပါ ကုမ္ပဏီလာရောက်လုပ်ကိုင်ခြင်းကို ဆန့်ကျင်မှုများလုပ်ဆောင်သည့်အတွက် ၄င်းတို့လုပ်ငန်းများ အဟန့်အတားကြုံတွေ့ရမှုရှိကြောင်းတွေ့ရှိရ
    - မွတ်ဆလင်များပိုင်သည်ဟုယူဆရသည့် ကုမ္ပဏီများမှ နိုင်ငံခြားသားဝန်ထမ်းများ သယ်ဆောင်သည့် ကားများအား ဒေသခံများက ခဲဖြင့်ပစ်ပေါက်ခြင်း ကြုံရကြောင်း ဖော်ပြမှုများ ရှိခြင်း။
  - အချို့အလုပ်သမားများသည်မွတ်ဆလင်ပိုင်ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်သည့်အတွက် နေထိုင်စရာ အခက်အခဲကြုံတွေ့ရ။
- **အဓိကတွေ့ရှိချက် - အိုင်စီတီကဏ္ဍတွင် အမျိုးသမီးများလုပ်ကိုင်မှုအပေါ် အမြင်ကွဲပြားမှုများရှိ**
  - အမျိုးသမီးများ အပြင်အလုပ်မလုပ်သင့်၊ မိသားစုအတွက် အိမ်တွင်နေထိုင်သင့်သည်ဟု ပြောကြားမှုများရှိ။
  - အမျိုးသမီးဝန်ထမ်းများသည် ပရိုဂရမ်ရေးဆွဲရာတွင် ထူးချွန်ကြပြီး၊ မဟာတန်းအပါအဝင် ကွန်ပျူတာတက္ကသိုလ်များတွင်လည်း ကျောင်းသူများသည် ကျောင်းသားများထက် ပိုထူးချွန်သည်ကို တွေ့ရှိရ။
- **အဓိကတွေ့ရှိချက် - လူငယ်များအင်တာနက် အသုံးပြုမှုအပေါ် မိဘများ၏ စိုးရိမ်မှုများ**
  - အွန်လိုင်းဂိမ်းများ စွဲနေမှုကြောင့် ကျောင်းက ထွက်ခြင်းစသည့် အင်တာနက် အလွန်အကျူးသုံးစွဲမှုကြောင့် ဆိုးကျိုးများဖြစ်စေသည့် အပေါ် မိဘများ၏ စိုးရိမ်မှုများ တွေ့ရှိရ

# လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သောအဆင့်သက်ရောက်မှုများ



## မြေယာ (Land)

- **အဓိကတွေ့ရှိချက် - မြေပိုင်ရှင်မှစာချုပ်ပါအချက်အလက်များအားနည်းလည်းသဘောပေါက်မှုနည်းပါးခြင်းနှင့် လိုအပ်သောစာရွက်စာတမ်းများ**
  - ဥပဒေနှင့် ဖြစ်သင့်သည့် အနေအထားအရ မြေငှားစာချုပ်များသည် ယေဘူယျအားဖြင့် မြေငှားရမ်းမှု အစီအစဉ်နှင့်ပတ်သက် မြေပိုင်ရှင်နှင့် သဘောတူချုပ်ဆိုလေ့ရှိကြသော်လည်း မြေပိုင်ရှင်အချို့တွင်လက်ခံစာချုပ်ပေးမထားခြင်း။ မြေပိုင်ရှင်များသည် သူတို့လက်မှတ်ထိုးသည့် စာချုပ်ပါ အကြောင်းအရာများကို အပြည့်အဝနားမလည်ပါကြောင်း ပြောကြားသည်။
  - စာချုပ်အများစုတွင် အလိုလျောက်ငှားရမ်းမှုသက်တမ်းတိုးနိုင်သည့် အချက်ကို ထည့်သွင်းထားသည်ကို တွေ့ရသည်။

**အဓိကတွေ့ရှိချက် - ဖိုင်ဘာလိုင်းအတွက် ပေးရာတွင် မမျှတသည့် မြေယာလျော်ကြေးများ**

- ဖိုင်ဘာလိုင်းချသည့် ကုမ္ပဏီများသည် ပုံမှန်အားဖြင့် ဖြစ်သင့်သည့် မြေအသုံးပြုနိုင်ရန်ညှိနှိုင်းခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများ လုပ်လေ့မရှိသည်ကို တွေ့ရသည်။ မြေအသုံးပြုသည့်အတွက် လျော်ကြေးပေးရာတွင်လည်း ဖြတ်သွားခွင့်အတွက် တစ်ကြိမ်သာ ပေးကြသည်ကို တွေ့ရှိရသည်။

- **အဓိကတွေ့ရှိချက် -  နစ်နာမှုတိုင်ကြားချက်များအားဖြေရှင်းသည့်ကုစားမှုနည်းလမ်းများမရှိခြင်း**
  - ဒေသခံများနှင့် မြေပိုင်ရှင်များသည် ဖိုင်ဘာလိုင်းတူးခြင်း သို့မဟုတ် ဖုန်းတိုင်ဆောက်လုပ်ခြင်းများကို မည်သည့်ကုမ္ပဏီက တာဝန်ယူလုပ်ဆောင်ခြင်းကို သိရှိခြင်း မရှိသလို၊ နစ်နာမှုများကို တိုင်ကြားလိုလျှင်သော်လည်းကောင်း၊ အရေးပေါ် ဆက်သွယ်လိုလျှင်သော်လည်းကောင်း မည်သူ့ကို ဆက်သွယ်ရမည်ကို သိရှိခြင်း မရှိကြောင်း ပြောကြားသည်။
  - ဖုန်းတိုင်များတွက်အသုံးပြုသည့် မီးအားပေးစက်များမှ ထွက်ပေါ်လာသည့် ဆူညံသံနှင့်ပတ်သက်၍ တိုင်ကြားမှုများကို ကျေးရွာတာဝန်ရှိသူများက ဖြေရှင်းပေးလေ့ရှိကြသည်။
  - ကုမ္ပဏီများကြောင့် လမ်းပျက်ဆီးမှုများ၊ ကုမ္ပဏီက ပြင်ဆင်ပေးသည့် လမ်းပျက်ဆီးမှုများ အရင်လိုပြန်မကောင်းလာခြင်းတို့ အပေါ် ဒေသခံများက တိုင်ကြားခြင်းများရှိသည်။

# မြန်မာနိုင်ငံအတွင်းရှိအလေ့အထကောင်းနမူနာများ

- မြေပိုင်ရှင်နှင့် တာဝါကုမ္ပဏီမှ နှစ်ဦးနှစ်ဖက် **လက်မှတ်ထိုးထားသော မြေငှားရမ်းသည့် စာချုပ်များ** ထားရှိခြင်း။ (မြေပိုင်ရှင်ထံသို့စာချုပ်တစ်စုံအမြဲတမ်းပေးထားခြင်း၊ မြေပိုင်ရှင်မှ စာချုပ်ပါ အချက်များအား နားလည်းမှုမရှိ၊အားနည်းသော်လည်း)

- မြေငှားရမ်းစာချုပ်များတွင် ၃ - ၅ နှစ်အတွင်း **မြေငှားရမ်းခ ၃- ၅ %** တိုးမြှင့်ချုပ်ဆိုမည့် အကြောင်း ထည့်သွင်းရေးသားထားခြင်း။

- မြေယာမှတ်ပုံတင်လုပ်ငန်းစဉ်တွင် **ကုမ္ပဏီများမှ မြေယာပိုင်ရှင်များအား ကူညီလုပ်ဆောင်**ပေးသော ကြောင့် ပိုင်ရှင်များအပေါ် ကျရောက်နိုင်သည့် ဝန်ထုပ်ဝန်ပိုးအားလျော့ကျစေသည်။

- တာဝါတိုင်တည်ဆောက်ရန်မြေယာမှတ်ပုံတင်ရာ၌လုပ်ငန်းစဉ်အခက်အခဲရှိမှုကြောင့်ကုမ္ပဏီများအနေဖြင့် အခြား**သက်သေစာတမ်းများ**အားလက်ခံကြသည်။
  ထိုသို့လုပ်ဆောင်ခြင်းကြောင့်လုပ်ငန်းလွယ်ကူမှုရှိသော်လည်း ရှေးအစဉ်အဆက် ပိုင်ဆိုင်ကြသော မြေယာပိုင်ရှင်များ (ကနဦး) ပိုင်ရှင်များအားကျော်၍အသိအမှတ်ပြုမိနိုင်သည်။ ထို့ကြောင့် ကုမ္ပဏီများ အနေဖြင့် **ပိုင်ရှင်အမှန်အားသိရှိနိုင်ရန်** ရပ်ရွာလူကြီးများ၊ ရွာသားများအားမေးမြန်းကြသည်။



# အလုပ်အကိုင် (Labour)

- **အဓိကတွေ့ရှိချက်များ - အလုပ်ခွင်အခြေအနေကြမ်းတမ်းခြင်း**
  - ဖိုက်ဘာလိုင်းတူးဖော်သွယ်တန်းရာတွင်အလုပ်သမားများ၏အလုပ်ခွင်အခြေအနေကြမ်းတမ်းမှုရှိခြင်း။
  - ထိုအလုပ်သမားများမှ တောင်ကုန်းနှင့်မာကျောသောမြေသားများအပါအဝင် ဖိုက်ဘာလိုင်းတူးဖော်ရာတွင်ရှည်လျားသောအကွာအဝေးအားစက်အကူမပါလက်ဖြင့်တူးဖော်ရခြင်း။
  - အလုပ်ချိန် (၁၀) နာရီခန့်ရှိခြင်း။ ပုံမှန်နားရက်မရှိခြင်း။
- **အဓိကတွေ့ရှိချက် - ဂန်ထမ်းခန့်အပ်ခြင်းစာချုပ် ထားရှိခြင်းမရှိ**
  - ဂန်ထမ်းခန့်အပ်ခြင်းစာချုပ်၊ ဂန်ထမ်းဖြစ်ကြောင်းသက်သေခံ အထောက်အထား စာရွက်စာတမ်းမရှိကြောင်းတွေ့ရှိရ၊ အသက်မပြည့်မီသူများအား အလုပ်စေခိုင်းမှု အပါအဝင် ဖိုက်ဘာလိုင်းသွယ်တန်းရာတွင် အခြေခံစည်းကမ်းသတ်မှတ်ချက်များတိကျစွာမထားရှိခြင်း။
- **အဓိကတွေ့ရှိချက်များ** - လုပ်ငန်းခွင် လုံခြုံရေးဂတ်စုံများ ထားရှိမှုနည်းပါးခြင်း
  - အချို့သောကိစ္စများတွင် အလုပ်သမားများမှ၎င်းတို့အသုံးပြုမည့်ကိရိယာ (ဥပမာ-ပေါက်တူး၊ပေါက်ပြား) များအားမိမိတို့ငွေဖြင့်ဝယ်ယူရခြင်း၊လုပ်သမားခေါင်းမှငွေစိုက်ထုတ်ပေး၍လုပ်အားခမှပြန်လည်ဖြတ်တောက်ခြင်း။
  - အချို့ကိစ္စများတွင် သောက်သုံးရေ မလုံလောက်သောကြောင့်အနီးရှိရွာများမှတောင်ခံရခြင်း။
  - အလုပ်သမားများမှ၎င်းတို့ဒေသမှဝေးကွာသည့်နေရာတွင်လာရောက်လုပ်ကိုင်ကြရခြင်း၊တစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့လုပ်ကိုင်ကြရသော်လည်း ဆက်လက်အလုပ်အကိုင်ရရှိရန် မိမိတို့၏ နားရာနေရာများအား ကိုယ်တိုင်ဆောက်ရခြင်း၊ကုန်ကျငွေအားကျခံရခြင်း။ များသောအားဖြင့်အလုပ်သမားစခန်းများသည် လမ်းဘေး၊ စိုက်ခင်းဘေးစသည့်နေရာများတွင်တွေ့ရပြီးသုံးရေ၊မီးနှင့်သန့်ရှင်းရေးအတွက်ထောက်အကူစနစ်များနည်းပါး၊မရှိခြင်း။
  - အလုပ်သမားများအနေဖြင့် အခြားသောလူသုံးကုန်ပစ္စည်းများ၊ ဖယောင်းတိုင်၊ စောင်၊ အိပ်ယာခင်း၊ ရေပုံး စသည်တို့အား [illegible] ဝယ်ယူကြရပြီး ကိုယ်တိုင်ထင်းခွေရလေ့ရှိသည်။

- **အဓိကတွေ့ရှိချက် - အကြွေးပြန်မဆပ်နိုင်သည့်အတွက် အလုပ်သမားများ ရွှေ့ပြောင်းရန် မလွယ်ကူခြင်း**
  - အဖွဲ့ခေါင်းဆောင်ပေါ်ထံမှ ကြိုတင်ငွေယူထားခြင်းကြောင့်အကြွေးကို မဆပ်နိုင်သည့်အတွက် အလုပ်သမားများဖိုက်ဘာလိုင်းများအတွက် မြေတူးခြင်းများတွင် ဆက်လက်လုပ်ကိုင်နေရခြင်း၊ အထူးသဖြင့် အလုပ်သမားများအနေဖြင့် သီးနှံမပေါ်ခင် မိုးရာသီတွင် သုံးစွဲရန် ကြိုတင်ငွေ ထုတ်ယူမှုများကြောင့် မကြာခဏ ဖြစ်ပွားမှုရှိကြောင်း တွေ့ရှိရခြင်း။
  - အလုပ်သမားများက အလုပ်ထွက်လိုလျှင်သော်လည်းကောင်း၊ အလုပ်ပြောင်းလိုလျှင်သော် လည်းကောင်း ပြောဆိုပါက ငွေချေးပေးထားသည့် အဖွဲ့ခေါင်းဆောင်မှ အတိုးပေးရမည်ဟု ခြိမ်းခြောက်မှုများကြုံတွေ့ရ။
  - အချို့အလုပ်သမားများသည် အလုပ်သမားခေါင်းဆောင်များဆီမှ အစားအသောက်၊ ရေနှင့် အခြားအသုံးအဆောင်ပစ္စည်းများအား ပို၍ဈေးကြီးပေး၍သော်လည်းကောင်း၊ အကြွေးစံနစ်ဖြင့် သော်လည်းကောင်း ဝယ်ယူသုံးစွဲရခြင်းများရှိ။
- **အဓိကတွေ့ရှိချက် - အလုပ်သမားများမှ လုပ်ခ၊ လစာ၊ ရပိုင်ခွင့်နှင့်ဆိုင်သော အခွင့်အရေးများနှင့် ပတ်သက်၍ နားလည်မှုနည်းပါး။**
  - အစိုးရ သို့မဟုတ် အလုပ်ရှင်ထံမှ အလုပ်သမားများသည် ၎င်းတို့ရပိုင်ခွင့် အခွင့်အရေးနှင့် ပတ်သက်၍ သိရှိရမှု နည်းပါးသည်။ ကုမ္ပဏီအများစုမှာ အလုပ်သမားများအား အလုပ်ခွင် အခြေအနေ၊ အလုပ်သမားရပိုင်ခွင့်များနှင့် ပတ်သက်၍ ကြိုတင်ရှင်းလင်းအသိပေးမှု နည်းပါးသည်။
  - အရေးကြီးသည့် ပုဂ္ဂိုလ်ရေးအချက်အလက်များကို လူမှုဆက်သွယ်ရေးမီဒီယာများတွင် ဝေမျှခြင်း။
- **အဓိကတွေ့ရှိချက် - အလုပ်သမားတန်းရားများရှိကလေးငယ်များ**
  - ဖိုင်ဘာဆောက်လုပ်ရေး အလုပ်သမားများသည် များသောအားဖြင့် ၎င်းတို့၏ဇနီး၊တစ်ခါတစ်ရံ သားသမီးငယ် အချို့နှင့် အတူခရီးဝေးမှလာရောက်လုပ်ကိုင်ကြသည်။အချို့အလုပ်သမားများသည်၎င်းတို့၏ သား၊သမီးငယ်များအား ရွာတွင်ထိန်းသိမ်းကြည့်ရှုမည့်သူမရှိ၍ သော်လည်းကောင်း၊ ကလေးထိန်းခမတတ်နိုင်၍သော်လည်းကောင်း၊ တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့လုပ်ကိုင် ရသောအခါ ကလေးအချို့လည်းလိုက်ပါလေ့ရှိ၏။ မိဘများလုပ်ငန်းခွင်သွားရောက်သောအခါ နေ့စဉ်လိုလို တစ်နေ့ (၁၀) နာရီခန့်အကြာမျှ တခြားသူထံတွင် အပ်နှံကြသည်။

# မြန်မာနိုင်ငံရှိ အလေ့အထကောင်းများ၏ နမူနာများ

- တချို့သော တဆင့်ငှားရမ်းလုပ်ကိုင်ခွင့်ရရှိသူများသည် ၎င်းတို့**အလုပ်သမားများအား လုပ်ငန်းခွင် လုံခြုံရေးလိုအပ်သည့် ဂတ်စုံများထောက်ပံ့ပေး**ကာ အသုံးပြုစေရန် ကြပ်မတ်လုပ်ဆောင်ပေးသည်။ ထို့အတူ **အရေးပေါ်ဆေးဝါးများနှင့် မီးငြိမ်းသတ်ရေး ကိရိယာများ၊** တယ်လီဖုန်းကုမ္ပဏီများ၊ ဖုန်းတိုင်ဆောက်လုပ်ရေး ကုမ္ပဏီများမှ **အလုပ်ခွင် အန္တရာယ်ကင်းရှင်းရေး သင်တန်းများနှင့် အန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များ** ရရှိသော်လည်း မတော်တဆဖြစ်ပွားမှုတွင် ထိခိုက်ဒါဏ်ရာရရှိမှုရှိပါက အလုပ်သမားများ၏ **ဆေးဝါးကုသစရိတ်များ** ထောက်ပံ့ပေးခြင်း

- ဖိုင်ဘာလိုင်းတူးဖော်ရေးလုပ်ဆောင်နေသည့် ကုမ္ပဏီများအနက် အနည်းငယ်သော ကုမ္ပဏီများသည် အလုပ်သများအား မြေတူးပစ္စည်းကရိယာများ၊ လုပ်ငန်းခွင်လုံခြုံရေး လိုအပ်သည့် ဂတ်စုံများ၊ နေထိုင်စရာ ရွက်ဖျင်တဲများနှင့် လိုအပ်သည့် အခြားအသုံးအဆောင် ပစ္စည်းများကို **အခကြေးငွေမယူဘဲ** ထောက်ပံ့ပေးသည်ကို တွေ့ရသည်။

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သောအဆင့်သက်ရောက်မှုများ

# ပဋိပက္ခကိစ္စရပ်များ နှင့် လုံခြုံရေး (Conflict and Security)



- **အဓိကတွေ့ရှိချက် - အကြံပြုဆွေးနွေးညှိနှိုင်းပွဲခေါ်ယူရန်**
  - လုပ်ကိုင်နေသည်များအပေါ် နားလည်မှုနှင့် လက်ခံမှုရရှိရန် လက်နက်ကိုင်အဖွဲ့အစည်းများမှစ၍ ဒေသခံများအပါအဝင် အားလုံးပါဝင်နိုင်မည့် အကြံပြုဆွေးနွေးညှိနှိုင်းပွဲ ခေါ်ယူကျင်းပရန်လိုနေသေး။
  - ပဋိပက္ခဆိုင်ရာ ထိခိုက်လွယ်သည်များကို သတိထားရန်လိုအပ်ချက်။
- **အဓိကတွေ့ရှိချက် - အလုပ်သမားများအား အန္တရာယ်ဖြစ်စေ နိုင်မှုများ**
  - **မြေမြှုပ်မိုင်းများ၊ ခြိမ်းခြောက်မှုများ**ကြောင့် အလုပ်သမားများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များ။

# စုပေါင်းသက်ရောက်မှုများ

Sector-Wide Impact Assessment (SWIA)



# ပေါ်ပေါက်လာဖွယ်ရှိသော စုပေါင်းသက်ရောက်မှုများ

| ICT Parks/SEZs | Key finding: Manufacturing |
|---|---|
| • ဇုန်နှင့်ဆက်စပ်၍ပေါ်ပေါက်လာဖွယ်ရှိသော ဇုန်အတွင်း၊အပြင်သို့ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသောသက်ရောက်မှုများ၊ လာရောက်လုပ်ကိုင်သူများပြားလာသော ကြောင့် ပြည်သူ့အိမ်ယာများပိုမိုတောင်းဆိုလာခြင်း၊ အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုအတွေက်ကျန်းမာရေး စောင့်ရှောက်မှုနှင့်ကျောင်းပညာ သင်ကြားရေး။ | • ICT မဟာစီမံကိန်း၌ အစိုးရမှ ICT စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာအထောက်အကူများပေးရန်ရေးသားထားပါသည်။<br>• ICT စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြောင့်ပေါ်ပေါက်လာနိုင်သောသဘာဝပတ်ဝန်းကျင်၊ လူမှုဘဝ နှင့် လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများအား ICT မဟာစီမံကိန်း၌ ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ |



အပိုင်း (၂)
အကြံပြုတင်ပြချက်များ

# မြန်မာအစိုးရသို့အကြံပြုချက်များ

၁။ရှင်းရှင်းလင်းလင်းရှိကာ လိုအပ်သည့် ကာကွယ်မှုများကိုလည်း ပေးနိုင်သည့် မူဝါဒဘောင်တစ်ရပ် ချမှတ်ရန်။

၂။ ICT ကဏ္ဍတွင် တာဝန်သိ စီးပွားရေးကျင့်ဝတ်များအတွက် ရှင်းရှင်းလင်းလင်းရှိသည့် မူဝါဒဘောင် တစ်ခုရှိရေးနှင့် အစိုးရ၏ လုပ်ဆောင်နေမှုများတွင် သင့်တော်သည့် ကာကွယ်မှုများကို ပေးနိုင်ရန် ICT ဥပဒေမူဘောင်များ ပြုပြင်ပြောင်းလဲရေးကို တိုးမြှင့်ဆောင်ရွက်ရန်။

၃။ ICT ကဏ္ဍတွင် တာဝန်သိ စီးပွားရေးကျင့်ဝတ်များအတွက် ရှင်းရှင်းလင်းလင်းရှိသည့် မူဝါဒဘောင် တစ်ခုရှိရေးနှင့် အစိုးရ၏ လုပ်ဆောင်နေမှုများတွင် သင့်တော်သည့် ကာကွယ်မှုများကို ပေးနိုင်ရန် အခြားဆက်စပ်နေသည့် ဥပဒေမူဘောင်များ ပြုပြင်ပြောင်းလဲရေးကို တိုးမြှင့်ဆောင်ရွက်ရန်။

၄။ စောင့်ကြည့်မှုများ လုပ်ဆောင်တတ်သည့် နိုင်ငံ "surveillance state" အဖြစ်မှသည် အင်တာနက်ကို လွတ်လွတ်လပ်လပ် အသုံးပြုခွင့်ရှိစေကာ၊ အခွင့်အရေးများကို တန်ဖိုးထားသည့် ဥပဒေနဲ့အညီ ကြားဖြတ်နားထောင်မှုမျိုးဖြစ်စေသည့် စံနစ်များဖြစ်ထွန်းလာစေရန်။

၅။ ဆိုက်ဘာလုံခြုံရေး နှင့် အချက်အလက်များကို ကာကွယ်ပေးသည့် နည်းစံနစ်များကို မြှင့်တင်ပေးရန်။

၆။ အစိုးရယန္တယားတစ်ခုလုံး အဓိပ္ပာယ်ပြည့်ဝသည့် ပွင့်လင်းမြင်သာမှုရှိသည့် စံနစ်တစ်ခုတည်ဆောက်ကာ ခေတ်မီ သတင်းလွတ်လပ်ခွင့်ဥပဒေတစ်ရပ်မှတဆင့် လွတ်လပ်ပြီး ပွင့်လင်းသည့် ဆက်သွယ်ရေးကဏ္ဍ ထူထောင်ရန် သံမိဋ္ဌာန်ရှိကြောင်း ပြသရန်။

၇။ မြန်မာနိုင်ငံတွင် တယ်လီဖုန်းနှင့် အိုင်စီတီနည်းပညာများ၊ ဝန်ဆောင်မှုများကို အများပြည်သူအားလုံး အသုံးပြုနိုင်ရေး (universal service) အတွက် တိုးမြှင့်ဆောင်ရွက်ပေးရန်။

၈။ ဤကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ကြမည့် အလုပ်သမားများနှင့် အသုံးပြုသူများ၏ အသိပညာ ကြွယ်ဝလာစေရေးနှင့် စောင့်ထိန်းမှုရှိသည့် ICT အသုံးပြုမှုများဖြစ်ပေါ်လာအောင် အားပေးဆောင်ရွက်ရန်။

# အိုင်စီတီကုမ္ပဏီများအတွက် အကြံပြုချက်များ

၁။ နယ်ဒေသများတွင် လုပ်ငန်းလုပ်ဆောင်ရာတွင် သိထားသင့်သည့် အကြောင်းအရာများ၊ ဒေသ၏ နောက်ခံအခြေအနေများကို နားလည်ရန်။

၂။ နိုင်ငံတွင်း ဥပဒေမူဘောင်များ မဖော်ဆောင်နိုင်သေးသည့်ကာလတွင် တာဝန်သိ စီးပွားရေးကျင့်ဝတ်များ၏ နိုင်ငံတကာ စံနှုန်းများကို လိုက်နာကျင့်သုံးရန်။

၃။ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် ကတိပြုချက် အပါအဝင် တာဝန်ယူမှုရှိသည့် ကျင့်ဝတ်များကို ဖော်ဆောင်သည့် မူဝါဒတစ်ရပ် ချမှတ်လိုက်နာရန်၊ ထို့အပြင် အဆိုပါ မူဝါဒအား ကုမ္ပဏီအတွင်းရှိ လုပ်ဆောင်ချက်တိုင်းတွင် လိုက်နာကျင့်သုံးရန်နှင့် ဆက်စပ်နေသည့် အခြားတာဝန်ရှိသူများအားလည်း ကျင့်သုံးလိုက်နာစေရန်။

၄။ လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုများနှင့် ပူးပေါင်းလုပ်ကိုင်သူများ၏ သက်ရောက်မှုများကို ဆန်းစစ်ရာတွင် ဒေသတွင် ကြုံတွေ့ရသည့် ရှုပ်ထွေးမှုများနှင့် တည်ရှိသည့်အနေအထားများကို ထည့်သွင်းစဉ်းစားရန်၊ တွေ့ရှိချက်များအား ထည့်သွင်း ပြုမူလုပ်ဆောင်ရန်။

၅။ စွန့်စားရသည့် အခြေအနေများနှင့် သက်ရောက်မှုများအပေါ် တုံ့ပြန်မှုများကို မှတ်သားကာ၊ အဆိုပါ တုံ့ပြန်မှုများ၏ ထိရောက်မှုကို အများအား သိရှိစေရန်။

၆။ အထူးသဖြင့် အလုပ်သမားများ၊ ဒေသတွင် နေထိုင်သူများ၊ သုံးစွဲသူများ စသည်တို့အပေါ် သက်ရောက်မှု၊ နစ်နာမှုများ ခံစားရနိုင်သည့် ဆက်စပ်လုပ်ကိုင်၊ နေထိုင်ကြသူများအား တွေ့ဆုံညှိနှိုင်းကာ နားလည်မှုရယူရန်၊ ထို့အတူ ပွင့်လင်းမြင်သာမှုရှိကြောင်း၊ မှန်ကန်မျှတမှုရှိရန်လုပ်ဆောင်မှုရှိကြောင်းကို ပြသရန်။

၇။ ထိခိုက်နစ်နစ်မှုအပေါ်တိုင်းကြားမှုများနှင့် စိုးရိမ်မှုများကို ထိထိရောက်ရောက်နှင့် လျင်မြန်မြန် ဖြေရှင်း ပေးနိုင်မည့် ယန္တရားများကို ထားရှိပေးရန်။

၈။ လူ့အခွင့်အရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များကို ဖြေရှင်းရာတွင် ပူပေါင်းဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုရန်။

၉။ ဒေသအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့် ကောင်းကျိုးသက်ရောက်မှုများကို ဖန်တီးဖော်ဆောင်နိုင်သည့် နည်းဗျူဟာများ ချမှတ်ရန်။

# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ အကြံပြုချက်

၁။ ICT မူဝါဒ၊ ဥပဒေမူဘောင်နှင့် စည်းမျဉ်းစည်းကမ်းများ အပြောင်းအလဲများအပေါ် တက်တက်ကြွကြွပါဝင် ဆွေးနွေးရန်။

၂။ ကုမ္ပဏီများအား လူ့အခွင့်အရေးများအပါအဝင် တာဝန်ယူသည့် စီးပွားရေးကျင့်ဝတ်များကို လိုက်နာမှုရှိရေး စောင့်ကြည့်တွန်းအားပေးရန်။

၃။ ICT ကဏ္ဍအတွင်းတွင် လူအခွင့်အရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍပေါင်းစုံမှ တာဝန်ရှိသူများပါဝင်သည့် ညှိနှိုင်းဆွေးနွေးမှုများလုပ်ဆောင်ရေး ကုမ္ပဏီများနှင့် အစိုးရအား တိုက်တွန်းအားပေးရန်။

၄။ အမုန်းစကားများကို တုန့်ပြန်ပြောကြားမှုများအပါအဝင် လုံခြုံပြီး ငြိမ်းချမ်းမှုကို ဦးတည်စေသည့် အွန်လိုင်းပြုမူ ပြောကြားမှုများနှင့် ပတ်သက်၍ မြန်မာပြည်သူလူထုအား ပညာပေးနိုင်ရေး ပံ့ပိုးမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၅။ ICT ကဏ္ဍနှင့် ပတ်သက်၍ မီဒီယာတွင် တိုးမြှင့် ဖော်ပြနိုင်ရေး ဆောင်ရွက်ရန်။

# ဖွံ့ဖြိုးရေး ပူးပေါင်းလုပ်ဆောင်သူများနှင့်  မိခင်နိုင်ငံများအား အကြံပြုချက်

၁။ အထူးသဖြင့် အစိုးရအား အကြံပြုသည့် အချက် (၂) နှင့် (၃) တို့တွင် ဖော်ပြထားသည့် အတိုင်းမူဂါဒနှင့် ဥပဒေမူဘောင်များ ပြုပြင်ပြောင်းလဲရာတွင် လူ့အခွင့်အရေး၊ လူမှုရေးနှင့် သဘာဂပတ်ဂန်းကျင်ကိစ္စရပ်များကို ထည့်သွင်း စဉ်းစားနိုင်စေရေး ပံ့ပိုးမှု ပေးရန်။

၂။ မြန်မာကုမ္ပဏီများနှင့် နိုင်ငံတကာကုမ္ပဏီများမှ လူအခွင့်အရေးကို လေးစားလိုက်နာရန် လုပ်ငန်းများ၏ တာဂန်ယူမှု အကောင်အထည်ဖော်မှုများကို ပံ့ပိုးပေးရန်။

၃။ အစိုးရနှင့် ညှိနိုင်းသဘောတူညီမှုရယူထားသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် လွတ်လပ်စွာ ကုန်သွယ်ခွင့်များတွင် တာဂန်ယူမှုရှိသည့် စီးပွားရေးကျင့်ဂတ်များကို လိုက်နာမှုရှိရေး သေချာစေရန်ဆောင်ရွက်ရန်။

## ရင်းနှီးမြှုပ်နှံသူများအား အကြံပြုချက်

၁။ မြန်မာနိုင်ငံ၏ ICT ကဏ္ဍတွင် ဆက်စပ်ပါဝင်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ကုမ္ပဏီများ အကြောင်းစေ့စပ်သေချာစွာ လေ့လာစုံစမ်းမှုများလုပ်ဆောင်ရန်။

၂။ မြန်မာနိုင်ငံ၏ ICT ကဏ္ဍတွင် ထည့်ဝင်ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်၍ တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတ်များကို နိုင်ငံတကာ နှင့် အညီ သို့မဟုတ် ကျော်လွန်အောင် ဆောင်ရွက်မှုရှိရေး သေချာစေရန် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန်။

၃။ မြန်မာနိုင်ငံ၏ ICT ကဏ္ဍတွင် လုပ်ကိုင်နေကြသည့် ကုမ္ပဏီများအား ၎င်းတို့အနေဖြင့် တိုင်းပြည် အတွင်းရင်းနှီးလုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် စွန့်စားရသည့် အနေအထားများ အကျိုး သက်ရောက်မှုများ ကို ၎င်းတို့ မည့်သို့ ကိုင်တွယ်ဖြေရှင်းသည် ပြည့်ပြည့်စုံစုံ အစီရင်ခံတင်ပြရန်။

## အသုံးပြုသူများအား အကြံပြုချက်

၁။ ICT ဝန်ဆောင်မှုများကို အသုံးပြုရာတွင် လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ အချက် အလက်များကို ကာကွယ်သည့် အခြေခံ လုပ်ငန်းများကို ဆောင်ရွက်ထားရှိရန်။

# အဖွဲ့ငယ်များခွဲ၍ဆွေးနွေးခြင်း

**ရည်ရွယ်ချက်၊ အခြားသောတက်ရောက်လာသူများနှင့်အတူအောက်ပါ ပါဝင်ဆက်နွယ်သူများအတွက် ပို၍တိကျကောင်းမွန်သောအကြံပြုချက်များရရှိရန်။**

- မြန်မာအစိုးရ
- ICT ကုမ္ပဏီများ
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ အကြံပြုချက်
- ဖွံ့ဖြိုးရေး ပူးပေါင်းလုပ်ဆောင်သူများနှင့်  မိခင်နိုင်ငံများအား အကြံပြုချက်
- ရင်းနှီးမြှုပ်နှံသူများ
- အသုံးပြုသူများ

- **ပထမအကြိမ်ဆွေးနွေးမှု (၄၀ မိနစ်)**
- က၁) အမုန်းစကား နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်
- က၂) ကိုယ်ရေးကိစ္စရပ်များအားလျှို့ဝှက်ထားရှိခြင်း စောင့်ကြည့်စစ်ဆေးခြင်းနှင့် တရားဥပဒေနှင့်အညီကြားဖြတ်နားထောင်ခြင်း၊ ဆိုင်ဘာလုံခြုံရေး
- **ဒုတိယအကြိမ်ဆွေးနွေးမှု (၄၀ မိနစ်)**
- ခ၁)ကွန်ယက်ဖြန့်ကျက်မှု၊မြေယာ၊အလုပ်အကိုင်၊ဆက်နွယ်သူများနှင့်ချိဆက်ဆွေးနွေးတိုင်ပင် ခင်း နှင့် နစ်နာမှုများအား ဖော်ထုတ်ဖြေရှင်းခြင်း နည်းလမ်းများ
- ခ၂)အခက်အခဲ၊အန္တရာယ်ကြုံတွေ့နိုင်သောလူအစုအဖွဲ့အပါအဝင်၊အများပြည်သူအတွက်သတင်းအချက်အလက်ရယူမှု

# ရှေ့ဆက်လုပ်ဆောင်ရန်

- Chatham House စည်းမျဉ်းနှင့်အညီ ဤ**ဆွေးနွေးပွဲအကျဉ်းချုပ်** အား MCRB ဝက်(ဘ်) ဆိုက် တွင် တင်ပါမည်။
- ဤဆွေးနွေးအကြံဉာဏ်ရယူပွဲများမှတွေ့ရှိချက်များအပေါ် အခြေခံ၍လိုပအပ်ပါကမူကြမ်းအားပြန်လည်ပြင်ဆင်ရန် နှင့် Powerpoint slides များအားလည်းပြင်ဆင်ရန်။
- အကြံပြုစာများအား **နောက်ဆုံးပြန်လည်ပေးရန်** (အင်္ဂလိပ် (သို့) ဗမာဘာသာဖြင့်) - အကြောင်းအရာနေရာတွင် ICT SWIA Consultation Draft Feedback" အမည်ဖြင့်အောက်ပါemail သို့ **၂၀၁၅ ခုနှစ်၊ ဇွန်လ၊ ၂၅ ရက်နေ့**တွင် နောက်ဆုံးထားပေးပို့ပါရန်။ thithi.thein@myanmar-responsiblebusiness.org
- အကယ်၍ လူကြီးမင်း၏ အကြံပြုချက်များအား ဝက်(ဘ်)ဆိုက် ပေါ်တွင် မတင်ပြစေလိုပါက ကြိုတင်၍ အသိပေး စေလိုပါသည်။
- **ချိတ်ဆက်ဆောင်ရွက်နေသော အဦးအစလုပ်ငန်းများ၊ စီမံကိန်းများ၊ တာဝန်ယူမှုရှိသောစီးပွားလုပ်ငန်းအလေ့အထများ** ရှိသေးလျှင် အထက်တွင်ဖော်ပြထားသော နေ့ရက်၌ နောက်ဆုံးထား ပေးပို့စေလိုပါသည်။
- **ဤစာမူကြမ်းအား ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့** ဆွေးနွေးရန်ပေးပို့မည်ဖြစ်ပါသည်။
- လေ့လာဆန်းစစ်ခြင်း -နောက်ဆုံးအစီရင်ခံစာအားရေးသားပြီး MCRB ၏ ဝက်(ဘ်)ဆိုက်တွင် **ဖြန့်ချိထုတ်ပြန်**မည်ဖြစ်ပါသည်။
- **ပါဝင်ပတ်သက်သူများ နှင့် ဆွေးနွေးမှု များအား အကြောင်းအရာ၊ အပိုင်းအခြားပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။**

Myanmar Centre for Responsible Business

# ကျေးဇူးတင်ပါသည်။

Institute for Human Rights and Business

Shaping Policy ▪ Advancing Practice ▪ Strengthening Accountability

THE DANISH INSTITUTE FOR HUMAN RIGHTS